# Burmese Democratic Futures Working Group – BDFWG

# University of Virginia

## Weekly Summary (August 08 - 14, 2024)

## ဩဂုတ်လ ဒုတိယအပတ်အတွင်း အရပ်သား ထိခိုက် / သေဆုံး / ဆုံးရှုံးမှုများ

- မြန်မာနိုင်ငံအနှံ့အပြားတွင် ဩဂုတ်လ ဒုတိယအပတ်အတွင်း စစ်ကောင်စီတပ်၏ လေကြောင်းနှင့် လက်နက်ကြီး ပစ်ခတ်တိုက်ခိုက်မှုကြောင့် အရပ်သားပြည်သူ ၄၄ ဦး သေဆုံးခဲ့ပါသည်။ ထိုအထဲတွင် သံဃာ ၂ ပါး၊ ကလေး ၁ ဦးနှင့် အမျိုးသမီး ၃ ဦး ပါဝင်ပါသည်။
- စစ်ကိုင်းတိုင်းတွင် သေဆုံးမှုဦးရေမှာ အများဆုံးဖြစ်ပြီး ၁၇ ဦး သေဆုံးခဲ့ပါသည်။ မန္တလေးတိုင်းတွင် ၇ ဦး၊ ရခိုင်ပြည်နယ်တွင် ၆ ဦး၊ ပဲခူးတိုင်းနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ၄ ဦးစီ၊ ချင်းပြည်နယ်တွင် ၃ ဦး၊ မကွေးတိုင်းတွင် ၂ ဦး၊ ကချင်ပြည်နယ်တွင် ၁ ဦးတို့ ဖြစ်ပါသည်။
- လက်နက်ကြီးဖြင့်ပစ်ခတ်မှုကြောင့် သေဆုံးသူ ၂၄ ဦး၊ လေကြောင်းနှင့် ဒရုန်းဖြင့်တိုက်ခိုက်မှုကြောင့် သေဆုံးသူ ၂၀ ဦးတို့ ဖြစ်ပါသည်။

### မီးရှို့ဖျက်ဆီးမှုများ

- မြန်မာနိုင်ငံအနှံ့အပြားတွင် စစ်ကောင်စီတပ်မီးရှို့သဖြင့် နေအိမ် ၂၇ လုံး မီးလောင်ပျက်စီးခဲ့ပါသည်။

### ဖမ်းဆီးခံရမှုများ

မြန်မာနိုင်ငံအနှံ့အပြားတွင် ဩဂုတ်လ ဒုတိယအပတ်အတွင်း အရပ်သားပြည်သူ ၄၄ ဦး ဖမ်းဆီးခံခဲ့ရသည်။ ဧရာဝတီတိုင်းတွင် ၃၃ ဦး၊ မန္တလေးတိုင်းတွင် ၈ ဦးနှင့် မကွေးတိုင်းတွင် ၃ ဦးတို့ ဖြစ်ကြပါသည်။

## လေကြောင်းမှ တိုက်ခိုက်မှုများ

မြန်မာနိုင်ငံ အနှံ့အပြားတွင် ဩဂုတ်လ ဒုတိယအပတ်အတွင်း စစ်ကောင်စီတပ်မှ လေကြောင်း တိုက်ခိုက်မှု ၆၅ ကြိမ်ပြုလုပ်ခဲ့ပါသည်။ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ၄၅ ကြိမ်၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တွင် ၅ ကြိမ်စီ၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတွင် ၃ ကြိမ်စီ၊ မကွေးတိုင်းတွင် ၂ ကြိမ်၊ ပဲခူးတိုင်းနှင့် ချင်းပြည်နယ်တွင် ၁ ကြိမ်စီတို့ ဖြစ်ပါသည်။

## ဩဂုတ်လ ဒုတိယအပတ်အတွင်း ဖြစ်ပွားခဲ့သော တိုက်ပွဲများ

## တိုက်ပွဲနှင့် ထိခိုက်သေဆုံးမှု

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ဒုတိယအပတ်အတွင်း ဒရုန်းဖြင့်တိုက်ခိုက်မှုအပါအဝင် တိုက်ပွဲကြီးငယ်ပေါင်း ၈၄ ကြိမ် ဖြစ်ပွားခဲ့သည်။ မန္တလေးတိုင်းတွင် တိုက်ပွဲအကြိမ်အရေအတွက် အများဆုံးဖြစ်ပြီး ၂၅ ကြိမ် ဖြစ်ပွားခဲ့သည်။ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် တိုက်ပွဲအကြိမ်အရေအတွက် ဒုတိယများဆုံးဖြစ်ပြီး ၁၃ ကြိမ် ဖြစ်ပွားခဲ့သည်။ စစ်ကိုင်းတိုင်းတွင် ၁၂ ကြိမ်၊ မကွေးတိုင်းတွင် ၉ ကြိမ်၊ ပဲခူးတိုင်းနှင့် ရခိုင်ပြည်နယ်တွင် ၆ ကြိမ်စီ၊ တနင်္သာရီတိုင်းတွင် ၄ ကြိမ်၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၃ ကြိမ်စီ၊ ချင်းပြည်နယ်၊ ကရင်နီပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၁ ကြိမ်စီတို့ ဖြစ်ပါသည်။ ဧရာဝတီတိုင်း၊ ကရင်ပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင် တိုက်ပွဲ ဖြစ်ပွားခြင်း လုံးဝမရှိပါ။

ဩဂုတ်လ ဒုတိယအပတ်အတွင်း တိုက်ပွဲများတွင် စစ်ကောင်စီတပ်သား ၂၈၀ ဦး သေဆုံးခဲ့ပြီး တော်လှန်ရေးပူးပေါင်းတပ်ဖွဲ့မှ ၅ ဦး ကျဆုံးခဲ့ပါသည်။

## ၁၀၂၇ စစ်ဆင်ရေး အပိုင်း (၂)

### MDY-PDF နှင့် ပူးပေါင်းတပ်ဖွဲ့များ၏ စစ်ဆင်ရေး

- ဩဂုတ် ၉ ရက်တွင် မန္တလေးတိုင်း၊ သပိတ်ကျင်းမြို့နယ်၊ ကျောက်လှည်းဘီးရွာအနီးရှိ စစ်ကောင်စီ တပ်စခန်း ခလရ ၁၄၈၊ ကွင်းသုံးဆယ်ရွာ တပ်စခန်း၊ လက်ပံပြန့်ရွာ တပ်စခန်း၊ ဖိုကုန်းတပ်စခန်း၊ ဝက်သေရွာတပ်စခန်းနှင့် ဖက်ရှည်ရွာတပ်စခန်းတို့ကို TNLA နှင့် မိုးကုတ်ဗျူဟာ အပါအဝင် မဟာမိတ် ပူးပေါင်းတပ်ဖွဲ့များ တိုက်ခိုက်သိမ်းပိုက် ရရှိခဲ့သည်။

- ဩဂုတ် ၁၁ ရက်တွင် သပိတ်ကျင်းမြို့နယ်၊ ဇရပ်ကွင်းကျေးရွာ၌ တပ်စွဲထားသော စစ်ကောင်စီတပ် စခန်းကို MDY-PDF မှ အပြီးသတ် သိမ်းပိုက်ရရှိခဲ့ပြီး သပိတ်ကျင်းမြို့နယ်အတွင်း၌ စစ်တပ်စခန်း ၉ ခု ထိ သိမ်းပိုက် ရရှိထားပြီဖြစ်သည်။

- ဩဂုတ် ၁၁ ရက်တွင် သပိတ်ကျင်းမြို့နယ်၊ တကောင်းမြို့မှ ရဲစခန်း၊ ဆေးရုံ၊ လေးမျက်နှာဘုရားဝင်း ထဲရှိ စစ်ကောင်စီ တပ်စခန်းများကို ပြည်သူ့ကာကွယ်ရေးပူးပေါင်းတပ်ဖွဲ့များမှ တိုက်ခိုက်ရာ ရဲစခန်းနဲ့ ဆေးရုံကို သိမ်းနိုင်ခဲ့ပြီး စခန်းတခုသာ ကျန်ရှိကာ စစ်ကောင်စီက လေကြောင်းမှ ပစ်ကူခုခံတိုက်ခိုက် ခဲ့သည်။

**ဩဂုတ်လ ၈ ရက်နေ့မှ ၁၄ ရက်နေ့အထိ တစ်ပတ်အတွင်းရရှိသော သတင်းများအပေါ် အခြေခံထားပါသည်။**




| Data of Myanmar Conflict 08-14, August 2024 | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| **States** | **Clashes between SAC and PDF/EAOs** | **Air Strike** | **SAC's soldiers killed** | **PDF killed** | **Children killed** | **Civilians killed** | **Civilians arrested** | **Villages set on fire** | **Houses burned down** |
| **AYEYARWADY** | | | | | | | 33 | | |
| **BAGO** | 6 | 1 | 5 | | | 4 | | | |
| **CHIN** | 1 | 1 | 10 | | 1 | 2 | | | |
| **KACHIN** | 3 | 5 | 20 | | | 1 | | | |
| **KARENNI** | 1 | | 6 | | | | | | |
| **MAGWAY** | 9 | 2 | 48 | 2 | | 2 | 3 | | |
| **MANDALAY** | 25 | 3 | 89 | 2 | | 7 | 8 | | 25 |
| **MON** | 1 | | 6 | 1 | | | | | |
| **RAKHINE** | 6 | 5 | | | | 6 | | | |
| **SAGAING** | 12 | | 49 | | | 17 | | | 2 |
| **SHAN (North)** | 13 | 45 | | | | 4 | | | |
| **SHAN (South)** | 3 | | 28 | | | | | | |
| **TANINTHARYI** | 4 | 3 | 19 | | | | | | |
| **TOTAL** | **84** | **65** | **280** | **5** | **1** | **43** | **44** | | **27** |


Map of Myanmar Conflict ( August 08-14, 2024 )
N
NW
NE
W
E
SW
SE
S
INDIA
CHINA
BANGLADESH
Myitkyina
Lashio
Hakha
Mandalay
Sagaing
Kengtung
Taunggyi
LAOS
Sittwe
Magway
Nay Pyi Taw
Loikaw
Pyay
Bay of Bengal
Bago
Pathein
Yangon
Hpa An
Mawlamyine
THAILAND
Andaman Sea
Dawei

## ဩဂုတ်လ ဒုတိယအပတ်အတွင်း ထူးခြားဖြစ်စဉ်များ

- ဩဂုတ်လ ၃ ရက်နေ့တွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဟောင်း ဗိုလ်ချုပ်စိုးတင့် ၊ စကခ ၁ မှူး ဗိုလ်မှူးချုပ် မျိုးမင်းထွေး၊ ရမခတိုင်း စစ်ဦးစီးချုပ် ဗိုလ်မှူးချုပ် သန့်ဇင်စိုးတို့ကို လက်ရဖမ်းဆီးမိကြောင်း MNDAA မှ တရားဝင်ဓါတ်ပုံနှင့်တကွ ထုတ်ပြန်ခဲ့ပြီး အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ကို အပြီးသတ်သိမ်းယူပြီး ဖြစ်ကြောင်း သက်သေပြခဲ့သည်။
- ဩဂုတ်လ ၅ ရက်တွင် စစ်ခေါင်းဆောင် မင်းအောင်လှိုင်မှ မိန့်ခွန်း ထွက်ပြောခဲ့သည်။ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်နှင့် လာရှိုး ကျရှုံးကြောင်း ဝန်ခံသည်။ တရုတ်နိုင်ငံကို ရည်ညွှန်းကာ မြောက်ပိုင်းညီနောင် မဟာမိတ်အဖွဲ့ကို နိုင်ငံခြားတိုင်းပြည်တစ်ခုမှ ထောက်ပံ့ပေးနေသောကြောင့် ရှုံးရသည့်ပုံစံ ပြောကြားခဲ့သည်။
- ဩဂုတ်လ ၆ ရက်နေ့တွင် ရန်ကုန်မြို့နှင့် နေပြည်တော်မြို့တို့တွင် စစ်ကောင်စီ၏ စီစဉ်မှုဖြင့် အမျိုးသားရေး အစွန်းရောက်များမှ MNDAA နှင့် တရုတ်ဆန့်ကျင်ရေး ဆန္ဒပြပွဲများပြုလုပ်ခဲ့သည်။
- မြန်မာနိုင်ငံဆိုင်ရာ တရုတ် သံအမတ်သစ် မစ္စ မာကျားနဲ့ ကောင်စစ်ဝန်ချုပ် မစ္စ ကောင်းဖျင်တို့ဟာ စတင် တာဝန်ထမ်းဆောင်ဖို့အတွက် မြန်မာနိုင်ငံကို ဩဂုတ်လ ၁၂ ရက်က ရောက်ရှိခဲ့သည်။
- ဩဂုတ်လ ၆ ရက်တွင် ဟိုင်ဂင်အစည်းအဝေး စီစဉ်ထားသော်လည်း စစ်ကောင်စီဖက်မှ သပိတ်မှောက်ခဲ့သည်။
- ဩဂုတ်လ ၈ ရက်နေ့တွင် တရုတ်အထူးကိုယ်စားလှယ် တိန့်ရှီကျင်းသည် နေပြည်တော်သို့ လာရောက်ခဲ့ပြီး စစ်ခေါင်းဆောင်နှင့် တွေ့ဆုံခဲ့သည်။ စစ်ခေါင်းဆောင်မှ ညီနောင်မဟာမိတ် ၃ ဖွဲ့၏ လက်နက်ခဲယမ်းစက်ရုံများ လည်ပတ်မှုမရှိနိုင်စေရန် ကုန်ကြမ်းဝင်ရောက်မှုကို ထိန်းချုပ်ရန် ပြောကြားပြီး၊ ထိုလက်နက်စက်ရုံများ ရှိနေခြင်းအတွက် တရုတ်နိုင်ငံ၏ ရပ်တည်ချက်ကို မေးခွန်းထုတ်ခဲ့ရာ အဆင်မပြေမှုများ ဖြစ်ပွားခဲ့သည်။
- ဩဂုတ်လ ၁၄ ရက်နေ့တွင် တရုတ်နိုင်ငံခြား ရေးဝန်ကြီး မစ္စတာ ဝမ်ယီ သည် နေပြည်တော်သို့ လာရောက်ပြီး စစ်ခေါင်းဆောင် မင်းအောင်လှိုင်နှင့် တွေ့ဆုံခဲ့သည်။ ထို့အတူ မစ္စတာ Wan Yi သည် အာဏာရှင်ဟောင်း ဦးသန်းရွှေ နှင့်လည်း သွားရောက်တွေ့ဆုံ ခဲ့သည်။

**ကိုးကား - The Irrawaddy, RFA, Ayeyarwaddy Times, D Day News, Myanmar Pressphoto Agency,**

**Khit Thit Media, Narinjara, Mizzima, Myanmar Now, DVB, BBC, PVTV,**

**Than Lwin Times, Khonumthung Burmese.**